အာဟာရ ရရှိမှုအခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ အသက်ငါးနှစ်အောက် ကလေး ၁ ဒသမ ၉ သန်းမှာ ယခုနှစ် ဩဂုတ်လမှ လာမည့်နှစ် ဇူလိုင်လအထိ ဆိုးရွားသော အာဟာရချို့တဲ့မှုဒဏ်ကို ခံစားရဖွယ်ရှိကြောင်း ဒူဂျာရစ်က ပြောကြားခဲ့သည်။ ယခုသီတင်းပတ်အတွင်း ဆိုမာလီအစိုးရသည် တစ်နိုင်ငံလုံးအနှံ့ မိုးခေါင်မှုကို အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

ယင်းသို့ ကြေညာခဲ့ခြင်းမှာ ကျန်းမာရေး၊ ရေရရှိမှု၊ အစားအသောက်လုံလောက်မှုနှင့် အသက်ကယ်ခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများကို တိုးမြှင့်လုပ်ဆောင်ကြရန် တောင်းဆိုခြင်းပင်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

အကူအညီပေးရေးအဖွဲ့အစည်းများသည် ရန်ပုံငွေပြတ်လပ်မှုအခြေအနေကြောင့် အရေးပေါ်အကူအညီကို ဆိုင်းငံ့ရန် သို့မဟုတ် လျှော့ချရန် အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ဆိုမာလီနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များလုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံလိုအပ်ပြီး ရန်ပုံငွေရရှိမှုမှာ ၂၂ ရာခိုင်နှုန်းသာ ရရှိသေးသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းသို့ ၁၀ လအတွင်း ခရီးသွားဧည့်သည် ၂၈ သန်းကျော် လာရောက်လည်ပတ်

ဟန္နိုင်း နိုဝင်ဘာ ၁၄



ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းသို့ ခရီးသွား ၂၈ ဒသမ ၂၂ သန်းကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း၊ အဆိုပါ ပမာဏမှာ ယမန်နှစ်ကထက် ၂၂ ရာခိုင်နှုန်းကျော် တိုးလာကြောင်း ပြည်တွင်းနေ့စဉ် VnBusiness က နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ကာလအတွင်း ဟန္နိုင်းမြို့သို့ နိုင်ငံတကာခရီးသွား ၆ ဒသမ ၁၇ သန်းကျော်နှင့် ပြည်တွင်း ခရီးသွားဧည့်သည် ၂၂ ဒသမ ၀၅ သန်း လာရောက်လည်ပတ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာခရီးသွား ၂၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ပြည်တွင်းခရီးသွားဧည့်သည် ၂၁ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ဟန္နိုင်းခရီးသွားလုပ်ငန်းဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ငုယင်ထရန်ကွမ်က ပြောကြားသည်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဗီယက်နမ်ဒေါင် ၁၀၈ ဒသမ ၂၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့်) ရှိရာ ယမန်နှစ် အလားတူကာလထက် ၂၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဟန္နိုင်းမြို့သည် ယခုနှစ်အတွင်း ခရီးသည် ၃၃ ဒသမ ၇ သန်းကျော်ကို ဆွဲဆောင်ရန် ရည်ရွယ်ထားရာ နိုင်ငံ၏ စုစုပေါင်း ခရီးသွားပမာဏ၏ ၂၂ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိရန် ခန့်မှန်းထားကြောင်း ယင်းဌာနမှ ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# အခွန်စည်းကြပ်မှုကြောင့် အမေရိကန်သို့ ပေါ်တူဂီ ဝိုင်တင်ပို့မှု ကျဆင်း

လစ္စဘွန်း နိုဝင်ဘာ ၁၄

အမေရိကန်၏ အခွန်စည်းကြပ်မှုသက်ရောက်မှုကြောင့် ၂၀၂၅ ခုနှစ် ပထမကိုးလအတွင်း အမေရိကန်သို့ ပေါ်တူဂီ ဝိုင်တင်ပို့မှုမှာ ယူရို ၉ ဒသမ ၃ သန်းအထိ လျော့ကျသွားကြောင်း ဒေသခံမီဒီယာများအား ဗီနီပေါ်တူဂီမှပေးပို့သည့် အချက်အလက်များအရ သိရသည်။

ဇန်နဝါရီ ၂၀ ရက် အမေရိကန်သမ္မတ ထရမ့် တာဝန်စတင်သည့် အချိန်မှစကာ ကုန်သွယ်ရေးဆိုင်ရာ အပြောင်းအလဲများကြောင့် ဝိုင်တင်ပို့မှု ကျဆင်းခြင်းမှာ ပို၍ဆိုးရွားလာခဲ့သည်။ မေလအထိ အမေရိကန်သို့ ပေါ်တူဂီဝိုင်တင်ပို့မှုမှာ ၉ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဥရောပသမဂ္ဂနှင့် သဘောတူညီထားသည့် အခွန်စည်းကြပ်မှုအသစ်ဖြစ်သော ၁၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုအောက်တွင် ဝိုင်ရောင်းချရမှုတန်ဖိုးမှာ ထပ်မံကျဉ်းမြောင်းသွားကြောင်း ယခုသီတင်းပတ်အတွင်း ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။ ပို့ကုန်တန်ဖိုး သိသိသာသာကျဆင်းသွားခြင်းဖြစ်သည်ဟု ဗီနီပေါ်တူဂီ၏ ဥက္ကဋ္ဌဖြစ်သူ ဖက်ဒရီကိုဖယ်ကာအိုက ပြောသည်။

အကောက် ခွန်စည်းကြပ်မှုများကြောင့် ပို့ကုန်များကို ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အနုတ်လက္ခဏာသို့ ကျရောက်သွားစေခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ **ဆင်ဟွာ**

# လက်တင်အမေရိက လေးနိုင်ငံအပေါ် အမေရိကန်က အခွန်စည်းကြပ်မှု တစ်စိတ်တစ်ပိုင်းဖယ်ရှားပေး

ဝါရှင်တန် နိုဝင်ဘာ ၁၄

အမေရိကန် အစိုးရသည် အာဂျင်တီနား၊ ဂွာတီမာလာ၊ အယ်ဆာဗေးဒိုးနှင့်အီကွေဒေါ နိုင်ငံတို့နှင့် အပြန်အလှန်ကုန်သွယ်ရေး သဘောတူညီချက်မူဘောင်ရရှိခဲ့ပြီးဖြစ်ကြောင်း နိုဝင်ဘာ ၁၃ရက်တွင် အိမ်ဖြူတော်က ကြေညာခဲ့သည်။

အဆိုပါ သဘောတူညီမှုအောက်တွင် အမေရိကန်အစိုးရသည် အမေရိကန်၌ စိုက်ပျိုး၊ တူးဖော် သို့မဟုတ် သဘာဝအတိုင်း ထုတ်လုပ်နိုင်ခြင်းမရှိသော အချို့သောကုန်ပစ္စည်းများအပေါ် အပြန်အလှန် အခွန်စည်းကြပ်မှုကို ဖယ်ရှားပေးမည်ဖြစ်သည်။ အဆိုပါလေးနိုင်ငံသည်လည်း အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ၎င်းတို့၏ဈေးကွက်ကို နယ်ပယ်ပေါင်းစုံတွင် ဖွင့်ပေးရန် သဘောတူခဲ့ကြသည်။

သဘောတူညီချက်အရ အမေရိကန်သည် ဂွာတီမာလာနှင့် အယ်ဆာဗေးဒိုးနိုင်ငံတို့မှ ချည်မျှင်နှင့် အဝတ်အထည်ပစ္စည်းများအပေါ် အပြန်အလှန်အခွန်စည်းကြပ်မှုကို ဖယ်ရှားမည်ဖြစ်ပြီး အမေရိကန်ပို့ကုန်ပစ္စည်းများအတွက် အာဂျင်တီနားနိုင်ငံသည် ဈေးကွက်ဝင်ခွင့် အခွင့်အရေးများကို ပေးသွားမည်ဖြစ်သည်။ ၎င်းတို့ထဲတွင် ဆေးဝါး၊ ဓာတုဗေဒပစ္စည်းများ၊ စက်ပစ္စည်းများ၊ သတင်းအချက်အလက် နည်းပညာထုတ်ကုန်များ၊ ဆေးဘက်ဆိုင်ရာကိရိယာများ၊ မော်တော်ယာဉ်များနှင့် စိုက်ပျိုးထုတ်ကုန်မျိုးစုံပါဝင်ကြောင်း အိမ်ဖြူတော်က ပြောသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်တောင်ပိုင်း၌ အလုပ်အကိုင်များ ဖန်တီးပေးရန် ကြက်မွေးမြူရေးကဏ္ဍတွင် ဒေါ်လာသန်း ၁၅၀ ရင်းနှီးမြှုပ်နှံ

ကဘူးလ် နိုဝင်ဘာ ၁၄



အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ လူပေါင်း ၁၅၀၀ ကျော်အတွက် အလုပ်အကိုင်များ ပံ့ပိုးပေးခြင်းဖြင့် ကြက်မွေးမြူရေး ကဏ္ဍအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ လွန်ခဲ့သည့် ၁၈ နှစ်အကြာက သေးငယ်သည့် ကြက်မွေးမြူရေးခြံတစ်ခုအဖြစ် စတင်ခဲ့သည့် အဆိုပါစီမံကိန်းကို တဖြည်းဖြည်း တိုးချဲ့လာခဲ့ပြီး နေ့စဉ် ကြက်ဥ ၃၅၀၀၀၀ နှင့် ကြက်သား ၆၀၀၀၀ ကီလိုဂရမ်ကို လက်ရှိတွင် ထုတ်လုပ်ပေးနေကြောင်း မိုဟာမက်ဟာနက်ဖ်ဟက်မာက ပြောကြားသည်။

ကြက်မွေးမြူရေးခြံ ၁၂ ခုဖြင့် ဖွဲ့စည်းထားသည့် အဆိုပါစီမံကိန်းသည် ပြည်တွင်းကြက်သား လိုအပ်ချက်ကို ကြီးမားစွာ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ပြည်ပမှ တင်သွင်းမှုကို လျှော့ချရန်အတွက် အရေးပါလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)နှင့် (B) ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးလျှောင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)နှင့် (B)တို့ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မန္တလေးလျှောင်အပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အဆောက်အအုံပတ်လည်နံရံများ ပြန်လည်ဖာထေးပြုပြင်ပြီးစီးမှုနှင့် VIP ဧည့်ခန်းမဆောင် အုတ်စီခြင်းလုပ်ငန်း၊ မှန်တပ်ဆင်ခြင်းလုပ်ငန်း၊ ကြမ်းခင်းများနှင့်အုတ်နံရံများ ပြုပြင်ဆောင်ရွက်နေမှု၊ မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ် ပြန်လည်ခင်းကျင်းနိုင်ရေး ဆောင်ရွက်နေမှု၊ ဘောလုံးကွင်းမြက်ခင်းပြန်လည်စိုက်ပျိုးပြီးစီးမှုနှင့် ရေဖျန်းစနစ်(Field Sprinkler)များ တပ်ဆင်ပြီးစီးမှု၊ အထူးတန်းပွဲကြည့်စင်ပတ်လည် နံရံပလာစတာဖာထေးပြုပြင်ပြီးစီးမှုနှင့် ခါတ်လှေကားပြန်လည်ပြင်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ရေး၊ အရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အားကစားရုံ(A)နှင့် (B)တို့ရှိ အုတ်နံရံပတ်လည် ပလာစတာများ ခွဲထွင်ဖာထေးပြုပြင်ပြီးစီးမှုနှင့် ပွဲကြည့်စင်များ၊ VIP ဧည့်ခန်းမဆောင်ကြမ်းခင်း၊ နံရံများပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ရေလိုင်း၊ မီးလိုင်းစနစ်များကောင်းမွန်ရေးနှင့် LED ဘုတ်ပြားများ ပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဓိက အားထားပါဝင်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား/ အမျိုးသမီး ကွင်းသွင်းခြင်းခတ်အားကစားသမားများနှင့် ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ) အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ပိုက်ကျော်ခြင်း အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင်နှင့် မိမိတို့မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများ ရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပန်းတနော်မြို့နယ် မင်းတစုတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်

**ပန်းတနော် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၅၁ ဦး ပါဝင်သည့်အဖွဲ့သည် ပန်းတနော်မြို့နယ် မင်းတစုတိုက်နယ် အတွင်းရှိဒေသခံပြည်သူများအားအခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသမှုများဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းတစုတိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါ ၁၉၄ ဦး၊ ခွဲစိတ်ရောဂါ ၅၇ ဦး၊ ကလေးရောဂါ ၂၅ဦး၊ အကြောအဆစ်ရောဂါ ၈၆ ဦး၊ မျက်စိရောဂါ ၁၁၅ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၇ ဦး၊ စိတ်ကျန်းမာရေးရောဂါ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ၆၆ ဦး၊ အရိုးရောဂါ ၇၆ ဦး စုစုပေါင်းဒေသခံပြည်သူ ၇၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက် ကုသပေးနေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ထွန်းတို့က လိုက်လံကြည့်ရှုအားပေးပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး စိစစ်ခြင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး မဲစာရင်းစိစစ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့် ကန့်ကွက်မှုများအား စိစစ်ပြင်ဆင်ပြီး မဲစာရင်းများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတို့နှင့် အညီ နိုဝင်ဘာ ၁၅ ရက်မှ ၂၈ ရက်အထိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် အုပ်ချုပ်ရေးမှူးရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာမည်ဖြစ်သည့်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်ကြကြောင်း သိရသည်။

မင်းသိန်းထွန်း



## သာစည်မြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**သာစည် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။




ဦးစွာ အခမ်းအနားကို အထက (၁)ကျောင်းသား ကျောင်းသူများက ဓာတိမာန်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။ ဆက်လက်ပြီး (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ပြုလုပ်သော စာစီစာကုံးနှင့် သုတဉာဏ်စမ်းပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသားကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် ဌာနဆိုင်ရာများက ဆုများချီးမြှင့်သည်။

မြို့နယ် (ပြန်/ဆက်)

## ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာလင်းပြည်သိမ်း ဦးဆောင်၍ ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ယမန်နေ့က ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာလင်းပြည်သိမ်း ဦးဆောင်၍ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မစိုးရိမ်တိုက်သစ်စာသင်ကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော် ၂၃၈ ပါးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအပြင် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နီလာ(ပြန်/ဆက်)

## အာရှ အမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(c)ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၅ - ၂၀၂၆ ခုနှစ် အာရှအမျိုးသမီး ချန်ပီယံလိဂ်ဖလား အုပ်စု (c)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီတွင် မြန်မာအမျိုးသမီးကလပ်အား/ကာသိပ္ပံ (ISPE)အသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုဟန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV Farmer's Channel ၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ Radio App အပါအဝင် Online တို့မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

# ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၄

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဒေါ်စောယုမာက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော မိဘပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်မကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ (Union Peace & Unity Party – UPUP) ဥက္ကဋ္ဌ ဒေါ်စောယုမာ ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၊ Union Peace & Unity Party (UPUP)သည် စည်းစနစ်ကျနသော ဖွဲ့စည်းပုံစည်းမျဉ်း(Systemmatic)နှင့် မူဝါဒလုပ်ငန်းစဉ်များ အတိအကျရှိသော (Programmatic)တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီ၏ ဆောင်ပုဒ်များဖြစ်တဲ့ "Universal Basic Service" (လူတိုင်းအတွက် အခြေခံဝန်ဆောင်မှု) နှင့် ပါတီ၏စံ မှန်(၅)မှန်ဖြစ်သော လူမှန်၊ နေရာမှန်၊ စနစ်မှန်၊ သဘောတရားမှန်၊ ပြည်သူ့အတွက်မှန်ဆိုတဲ့ ဆောင်ပုဒ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ် ဖော်ဆောင်နိုင်ရန်အတွက် ပါတီမှချမှတ်ထားတဲ့ မူဝါဒများနှင့် အခြေခံ သဘောတရားလုပ်ငန်းစဉ်များကို ပြည်သူများသို့ သိရှိစေရန်အတွက် အသိပေးကြေညာအပ်ပါတယ်။

ယနေ့အချိန်အခါဟာ နည်းပညာခေတ်ဖြစ်သည်နှင့်အညီ AI နည်းပညာများ တိုးတက်ပေါ်ထွက်လာလျက်ရှိသည့်အတွက် ကမ္ဘာပေါ်မှာ လာမည့်(၁၀)စုနှစ်အတွင်း အလုပ်အကိုင်ရှားပါးမှု၊ အလုပ်လက်မဲ့လူတန်းစားတစ်ရပ် ပေါ်ထွက်လာနိုင်ဖွယ် မြင်တွေ့နေရပါသည်။ အနာဂတ်သို့ ရည်မှန်း၍ လူထုအတွက် "Universal Basic Service" လူတိုင်းအတွက် အခြေခံဝန်ဆောင်မှုအဖြစ် နိုင်ငံသားတိုင်းအတွက် အခမဲ့ပညာရေး၊ အခမဲ့ကျန်းမာရေး၊ အခမဲ့သယ်ယူပို့ဆောင်ရေး ဖော်ဆောင်ပေးနိုင်ရမယ်လို့ ရည်မှန်းချက်ထားရှိပါတယ်။

ကျွန်မတို့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီဟာ သမိုင်းပေးလိုအပ်ချက်အရ သမိုင်းပေးတာဝန်တစ်ရပ် ဖော်ဆောင်ရန်အတွက် ပေါ်ထွက်လာသော လူထုလူတန်းစား အလွှာစုံပါဝင်ပြီး အမျိုးသားရေးကိုအခြေခံ၍ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားကာ နိုင်ငံတော်၏ကဏ္ဍစုံကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် လူထုအခြေပြု(ကိုယ်စားပြု) နိုင်ငံရေး ပါတီတစ်ရပ်ဖြစ်ပါတယ်။

**ပါတီက သတ်မှတ်ထားရှိသော နိုင်ငံရေးမူဝါဒများမှာ**

ပင်မနိုင်ငံရေးမူဝါဒကြီး (၄)ခုဖြစ်သော (Liberalism, Progressi-vism, Conservatism, Nationalism) တို့အနက် ဝါဒတစ်ခုထဲကို တစ်သမတ်တည်း လက်ကိုင်ထားမကျင့်သုံးဘဲ မိမိနိုင်ငံရဲ့ လူမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ပထဝီအခြေအနေ၊ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပကတိအခြေအနေတို့အပေါ် မူတည်ပြီး အခြေအနေနှင့် အချိန်အခါအလျောက် လိုက်လျောညီထွေစွာ အံဝင်ခွင်ကျဖြစ်အောင် လိမ္မာပါးနပ်စွာဖြင့် မည်သည့်ဝါဒကိုမျှ အစွန်းမရောက်စေဘဲ လိုအပ်သလို ထည့်သွင်းကျင့်သုံးသွားပါမယ်။

ပါတီနှင့်လူပုဂ္ဂိုလ်ယှဉ်ပါက ပါတီကိုရွေးချယ်ရမည်ဖြစ်ပြီး ပါတီနှင့် နိုင်ငံကို ယှဉ်ပြီးရွေးချယ်ရပါက နိုင်ငံ့အရေးကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

ပါတီတွင်း ဒီမိုကရေစီရှင်သန်ရေးဟာ ပါတီ၏အသက်ဝိညာဉ်သွေးကြောအဖြစ် သဘောထားကာ အလေးထားဆောင်ရွက်သွားပါမယ်။ (Collective Leadership Style) စုပေါင်းခေါင်းဆောင်မှုပုံစံဖြင့် ပါတီကိုတည်ဆောက်သွားပါမယ်။

လူထုကိုယ်စားပြုပါတီတစ်ရပ်ဖြစ်ပေါ်စေရန်အတွက် ပါတီတွင်း အုပ်စုဖွဲ့မှု၊ လူပုဂ္ဂိုလ်ကိုးကွယ်မှု (Personality Cult)၊ ပါတီတွင်း ဗျူရိုကရက်တစ်များ မပေါ်ပေါက်စေရေး၊ ပါတီတွင်းဆွေမျိုး မိတ်ဆွေကောင်းစားရေးဝါဒ (Political Nepotism) မကျင့်သုံးစေရေးပါတီတွင်း စည်းမျဉ်းစည်းကမ်းများ ပါတီ၏ (Rule & Regulation) တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ပါတီခေါင်းဆောင်နေရာအားလည်း နိုင်ငံရေးအမွေဆက်ခံမှုပုံစံမဖြစ်စေရေးတို့ကို စနစ်တကျ ကာကွယ်တားဆီးသွားမှာဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးအရလည်း အဆင်ပြေမယ့် စိမ်းလန်းသည့်မူဝါဒများ (Green Policies)များ ချမှတ်ဆောင်ရွက်ပါမယ်။

**ပါတီ၏ အခြေခံသဘောတရားများမှာ**

နိုင်ငံရေးတွင် ထာဝရရန်သူမရှိသလို၊ ထာဝရမိတ်ဆွေမရှိဘဲ နိုင်ငံ့အကျိုးစီးပွားသာ ထာဝရဖြစ်သည်။ ဒါကြောင့် နိုင်ငံ့အရေးနှင့် ပတ်သက်လာလျှင် အမျိုးသားအကျိုးစီးပွားကို အဓိကထားကာကွယ်သွားပါမယ်။

"စစ်ဘောင်ကျယ်လျှင် နိုင်ငံရေးဘောင်ကျဉ်းမယ်၊ နိုင်ငံရေးဘောင်ကျယ်လျှင် စစ်ဘောင်ကျဉ်းမယ်" ဆိုသော ဥပဒေသအရ နိုင်ငံရေးအင်အားစုများ အားကောင်းအောင် ကြိုးစားဆောင်ရွက်သွားပါမယ်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန်နှင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် မျှော်ကိုးပြီး နိုင်ငံတစ်ခုမှာ တပ်မတော်တစ်ခုပဲရှိရမည်(One Country One Army) ဆိုသော ဥပဒေသအတိုင်း မြန်မာ့တပ်မတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းခိုင်မာလာစေရေး၊ စွမ်းရည်ထက်မြက်လာစေရေး ပါတီအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားပါမယ်။

အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်တို့ကိုအခြေခံကာ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဖော်ဆောင်ရမယ့် ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားစေရန်နှင့် ဒီမိုကရေစီသဘောတရားများ၊ အနှစ်သာရများကို တန်ဖိုးထားလေးစားမြတ်နိုးပြီး အမြစ်တွယ်ရှင်သန်လာစေရန် ကြိုးပမ်းဆောင်ရွက်ဖော်ဆောင်မယ့် နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံတွင် ကျေးလက်နေလူတန်းစားနှင့် အခြေခံလူတန်းစား (၇၀)ရာခိုင်နှုန်းရှိသော ပြည်သူများအတွက် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ လွတ်လပ်စွာပါဝင်နိုင်ခွင့်၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို တိုးမြှင့်ရေး၊ ပြည်သူလူထု၏ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနိမ့်ပါးမှု၊ အသိဉာဏ်စဉ်းစားတွေးခေါ်မှု နိမ့်ကျလာခြင်းတို့မှ ကာကွယ်၍ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကဖြစ်သော လယ်ယာကဏ္ဍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ ကျေးလက်သမဝါယမ၊ အလုပ်သမားရေးရာ၊ ရွှေ့ပြောင်းလုပ်သား၊ SME, MSME လုပ်ငန်းရှင်များ၊ တတ်သိပညာရှင်၊ နည်းပညာရှင်များ စသော ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ပြည်သူ့အသံ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံသားတစ်ဦးချင်းစီရဲ့ ရပိုင်ခွင့် ကိုယ်ပိုင်အတွေးအခေါ်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုပိုင်ခွင့်များ ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။



နိုင်ငံသားတိုင်းဟာ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ ဘာသာရေး ခုတုံးလုပ်မှု၊ အမျိုးသားရေး အစွန်းရောက်မှု၊ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတို့မှ စိုးရိမ်ရန်မရှိဘဲ လုံခြုံစိတ်ချအေးချမ်းစွာ နေထိုင်နိုင်မယ့် ဥပဒေအကာအကွယ်များရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

နိုင်ငံတကာနှင့် ဆက်ဆံရေးမူဝါဒတစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ကလေးသူငယ်များ၊ မိဘမဲ့လေလွင့်ကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အားနည်းသူများနှင့် ထိခိုက်နစ်နာသူများအတွက် စားဝတ်နေရေးကာကွယ်စောင့်ရှောက်ရေး အစီအမံများ ထားရှိဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မြန်မာ့သမိုင်းတွင် မှားယွင်းခဲ့သောလုပ်ငန်းစဉ်များ ဖြစ်စဉ်များမှ သင်ခန်းစာယူပြီး မှန်ကန်ကောင်းမွန်သောအရာများကို အတုယူပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လူငယ်တို့ရဲ့အစွမ်းကို ဖော်ပြဖို့ "UPUP" ဝင်ကြစို့၊ အမျိုးသမီးစွမ်းဆောင်ရှင်များကို ဖော်ထုတ်ပေးမှာ "UPUP" ပါတီသာဖြစ်ကြောင်းနှင့် နိုင်ငံတော်၏အနာဂတ်ကို ပြောင်းလဲဖို့ "UPUP" ကို မဲပေးကြပါစို့ မိဘပြည်သူများကို တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီဟာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရေး၊ နိုင်ငံတော်၏ အရေး(၃)ပါးဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ကျွန်မတို့ "UPUP" ပါတီဝင်တိုင်းမှ အသက်ကို ပဓာနမထားဘဲ အဆုံးထိပေးဆပ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ပါတီ၏ သီချင်းစာသား

**အတောင်ပံဖြန့်ကာ ပျံသန်းမည်**

➢ (ယူပီယူပီ ယူပီယူပီ
ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ
သမိုင်းတစ်ခေတ် ဆန်းသစ် ယူပီယူပီ
လူမှန် နေရာမှန် စနစ်မှန်
သဘောတရားမှန် ပြည်သူ့အတွက်
မှန်နေစေပါမည်။

➢ စုပေါင်းခေါင်းဆောင်မှုနှင့် အရှေ့သို့လှမ်းချီ
ချီးဖြူငှက်ပုံ အမှတ်နဲ့
ညီညွတ်ခြင်းရဲ့အင်အား
ပြောင်းလဲချင်တဲ့စနစ်များ
စုပေါင်းခေါင်းဆောင်မှုနဲ့
အတောင်ပံကိုဖြန့်ကာပျံသန်းမည် ယူပီယူပီ
ယူပီယူပီ ယူပီယူပီ
ယူပီယူပီ ယူပီယူပီ ယူပီယူပီ ယူပီယူပီ
ယူပီယူပီ) ၂

# မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၄

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ ဒုတိယဥက္ကဋ္ဌ-၂ ဦးဟန်မင်းဆွေ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူတိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ကောင်းကျိုးလိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော်နှင့်အတူ မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီဝင်များ အားလုံးကနေ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ နိုင်ငံရဲ့အဓိကအင်အားစုကြီးများဖြစ်တဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စားပြည်သူများကိုကိုယ်စားပြုပြီး အသိပညာရှင် အတတ်ပညာရှင်များရဲ့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်မှုနှင့်အတူ ဖွဲ့စည်းတည်ထောင်ထားတာ ဖြစ်ပါတယ်။ လက်လုပ်လက်စား အခြေခံလူတန်းစားပြည်သူများ ကြုံတွေ့နေတဲ့ ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်အောင် ဥပဒေဆိုင်ရာအကာအကွယ်တွေ အမှန်တကယ်ရရှိနိုင်အောင်နဲ့ ကမ္ဘာ့နိုင်ငံများနဲ့တန်းတူ ရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော၊ ချမ်းသာကြွယ်ဝသော ခေတ်သစ်နိုင်ငံတော်ကြီးကို တည်ဆောက်မယ်ဆိုတဲ့ ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ"ရဲ့ အဓိကဦးစားပေး နိုင်ငံရေးမူဝါဒ သဘောတရားများကို တင်ပြသွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီ စံနှုန်းများနှင့်ကိုက်ညီသော၊ ပြည်သူဗဟိုပြုတဲ့ သန့်ရှင်းသော အစိုးရအုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရေး၊ မှန်ကန်မျှတသော လွတ်လပ်ပွင့်လင်းသော တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။

ကောင်းမွန်သော သန့်ရှင်းသော ပြည်သူဗဟိုပြုတဲ့ အစိုးရအုပ်ချုပ်ရေးစနစ် တည်ဆောက်မယ်ဆိုရင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ရပါမယ်။

အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချပြီးတော့ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်များရဲ့ အခန်းကဏ္ဍကိုလည်း ပါဝင်စေရပါမယ်။

တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကိုပဲ အတင်းစိုးမိုးနေရုံနဲ့မလုံလောက်ပါဘူး၊ တရားမျှတတဲ့ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ဖို့၊ ပြင်ဆင်နိုင်ဖို့၊ မမျှတ မလိုအပ်တဲ့ ဥပဒေချုပ်ကိုင်မှုတွေကို ဖျက်သိမ်းနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးစနစ်မှာလည်း လာဘ်ပေး လာဘ်ယူ အဂတိကင်းရှင်းဖို့ အရေးကြီးသလို ပွင့်လင်းမြင်သာတဲ့၊ အုပ်ချုပ်ရေးအာဏာမှကင်းလွတ်တဲ့ တရားစီရင်ရေးမျိုးဖြစ်ရမယ်။ ဥပဒေဆိုင်ရာ အထောက်အကူပြု အဖွဲ့အစည်းများ လွတ်လပ်စွာပေါ်ထွန်းစေပြီး ပြည်သူ ပါဝင်မှုနှင့်အတူ တရားဥပဒေစိုးမိုးရေး နယ်ပယ်ဟာလည်း ပိုမိုအားကောင်းလာစေမှာ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့အတူတွဲလျက်ပါလာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဟာလည်း ဒီကနေ့အထိ အမွေဆိုးတစ်ခုဖြစ်နေပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ကနေစပြီး ယနေ့တိုင်အောင် နိုင်ငံရေးခေါင်းဆောင်များ၊ လက်နက်ကိုင်များရဲ့ တင်းမာတဲ့ သဘောထားတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးတဲ့အခြေအနေကို ရောက်စေခဲ့ပါတယ်။ မတူညီတဲ့အမြင်တွေကို သဘောထားကြီးမှုတွေ၊ အပြန်အလှန်နားလည်မှုတွေ မတည်ဆောက်နိုင်တဲ့အခါ အားမဖြစ်စေတော့ဘဲ ဘေးဖြစ်နေတာဟာ ဒီကနေ့ ပြည်သူအားလုံး အသိပဲဖြစ်ပါတယ်။ တရားမျှတခြင်းဆိုတာရှိမှ ညီညွတ်ခြင်းနှင့် ယုံကြည်မှုဆိုတာ တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများ အခြေပြုရာ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများအားလုံးမှာ အခွင့်အရေးတန်းတူဖြစ်စေဖို့ တာဝန်သိတတ်မှု တာဝန်ယူတတ်မှုတွေ တူညီနေကြဖို့ လိုအပ်ပါသည်။

PPMFW ပါတီရဲ့ နိုင်ငံခြားရေးမူဝါဒများအနေနဲ့ အမျိုးသားအကျိုးစီးပွားရေးကို ရှေးရှုသော လွတ်လပ်၍တက်ကြွသော ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်းနှင့်အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာမူဝါဒအနေနဲ့**

စက်မှုလယ်ယာစနစ်ကို အခြေခိုင်မာစေပြီး စက်မှုနိုင်ငံတော်အဖြစ်ကို တက်လှမ်းတည်ဆောက်သွားမှာဖြစ်တယ်။

အစိုးရရဲ့ စီးပွားရေးချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်သွားရပါမယ်။

လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံမှာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားပါမယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းကိုလည်း အကာအကွယ်ပေးတဲ့ မူဝါဒများရေးဆွဲဆောင်ရွက်ရပါမယ်။

နိုင်ငံ့သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင်လည်း အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်ပါ ရေရှည်မြော်မြင်ပြီး သယံဇာတဆိုင်ရာ မူဝါဒများ ရေးဆွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မထိခိုက်စေရန်အတွက်လည်း အလွန်အရေးကြီးပါတယ်။ ပြည်သူ့သယံဇာတဆိုင်ရာ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဟာ သယံဇာတ ထုတ်ယူသုံးစွဲခြင်းအပေါ်မှာပဲ အလွန်အကျွံမှီခိုနေတာကိုလျှော့ချပြီး သဘာဝပထဝီအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ ပေါင်းစပ်ဖွံ့ဖြိုးစေသည့် မူဝါဒများရေးဆွဲ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံကို မှန်ကန်တဲ့ စီးပွားရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့ဆိုရင် SME, SMI အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များကို လိုအပ်တဲ့အထောက်အပံ့များ ပေးနိုင်ဖို့၊ ဘဏ်တိုးနှုန်းများ လျှော့ချဖို့နဲ့ ဥပဒေဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့ ပုဂ္ဂလိကစီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ဖို့လိုအပ်ပါတယ်။ ဘဏ်လုပ်ငန်းများနဲ့ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုရရှိအောင်၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ထိန်းကျောင်းပေးရမှာက အစိုးရများရဲ့တာဝန်ပဲဖြစ်ပါတယ်။ ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက်ချုပ်ကိုင်မှုမခံရစေရန်၊ ပြည်တွင်းထုတ်ကုန်များ နည်းပညာနှင့် အရည်သွေးမြင့်မားရေး၊ ပြည်ပဈေးကွက်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

PPMFW ပါတီရဲ့ ပညာရေးဆိုင်ရာမူဝါဒများအနေနဲ့ အမှန်တကယ် နားလည်တတ်မြောက်စေရေး၊ ကိုယ်ပိုင်တွေးခေါ်ကြံဆနိုင်သည့် လွတ်လပ်မြင့်မားတဲ့ ပညာရေးမျိုး ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အခြေခံမူလတန်းကို မသင်မနေရ ပညာရေး၊ အထက်တန်းအဆင့်အထိကို အခမဲ့ ပညာရေးမူဝါဒများ ချမှတ်သွားရမှာဖြစ်တယ်။

အဆင့်မြင့်ပညာရေး နယ်ပယ်မှာလည်း အကန့်အသတ်မူဘောင်များ ဖြေလျှော့ပြီး လွတ်လပ်စွာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပညာရေးစီမံကိန်းများ ရေးဆွဲပြီး ပညာရေးအသုံးစရိတ်တိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနဲ့ နိုင်ငံတကာသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပညာရှင်များကို ပြည်တွင်းမှာပဲ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်ပရောက် နိုင်ငံသားခေတ်ပညာတတ်များအား ပြန်လည်ဖိတ်ခေါ်၍ နိုင်ငံတော်တည်ဆောက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေမှာဖြစ်ပါတယ်။

အမျိုးသားကျန်းမာရေးစီမံချက်များရေးဆွဲ၍ ကျန်းမာရေးအသုံးစရိတ် လုံလောက်စွာ မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများ အခမဲ့ဆေးကုသပေးနိုင်ခွင့် ရှိစေရပါမယ်။ သွားရေးလာရေးခက်ခဲတဲ့ ဒေသများပါမကျန် နယ်လှည့်ဆေးကုသရေးအစီအစဉ်များ ဆောင်ရွက်သွားပါမယ်။ ဆေးဘက်ဆိုင်ရာ ပညာရှင်များ ပိုမိုမွေးထုတ်၍ အရည်အသွေးနှင့် စိတ်စေတနာမြင့်မားရေးကို လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပါတယ်။ ပြည်သူ့ကျန်းမာရေးနယ်ပယ်မှာ ကုသရေးအပြင် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအမံများလည်း အလွန်အရေးကြီးပါတယ်။

တိုင်းရင်းသားလူမျိုးစုများအားလုံးရဲ့ ကိုယ်ပိုင်အခွင့်အရေးမှန်သမျှကို အာမခံပေးနိုင်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားအခြေပြုရာ ပြည်နယ်များအားလုံးမှာ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ စီးပွားရေးဇုန်စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာဖြစ်သလို ကျန်းမာရေး၊ ပညာရေးဆိုင်ရာအထောက်အပံ့များ ဖွံ့ဖြိုးတိုးတက်စေရပါမယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာပေအနုပညာများကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

လယ်သမားများရဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံပေးရမှာဖြစ်ပြီး လယ်လုပ်သူတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ လယ်ယာမြေအငြင်းပွားမှုများကိုလည်း အမြန်ဆုံးမှန်မှန်ကန်ကန် ဖြေရှင်း ဆောင်ရွက်ပေးပါ့မယ်။

အလုပ်သမားများအတွက် နိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခနှုန်းထားသတ်မှတ်ချက်ဟာ အာဆီယံနိုင်ငံများနဲ့ တန်းတူဖြစ်စေဖို့ အစိုးရပိုင်းကနေ ပံ့ပိုးမှုများ ဥပဒေနှင့်အညီ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကိုလည်း နိုင်ငံတကာအလုပ်သမား ဥပဒေများနဲ့အညီ အခွင့်အရေးနှင့် အကာအကွယ်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။



နိုင်ငံတော်ရဲ့ အရေးကြီးလှတဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများနှင့် မိသားစုဝင်များရဲ့ လူမှုဘဝပြည့်စုံရေး၊ ပညာရေး၊ ကျန်းမာရေး အထောက်အပံ့ကောင်းများ၊ အနာဂတ်အတွက် အစီအမံများ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားများသည် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရှိပါတယ်။ သို့သော် ဘာသာရေးအစွန်းရောက်ဝါဒများ စွဲကိုင်ပြီး တစ်ဖက်နဲ့တစ်ဖက် စော်ကားတိုက်ခိုက်ခြင်းမျိုးမဖြစ်ဖို့ အင်မတန် အရေးကြီးပါတယ်။ အမျိုးဘာသာသာသနာဝံသာနုရက္ခိတ တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်ကြီးပဲဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ထိတိုင်အောင် ချမ်းသာကြွယ်ဝနေဆဲပါ။ မြန်မာနိုင်ငံသား တစ်ဦးချင်းစီရဲ့ မွေးရာပါမြေပိုင်ဆိုင်မှု ပမာဏဟာ(၃ ဒသမ ၂၅)ဧကဖြစ်ပါတယ်။ ဒါဟာ အာဆီယံနိုင်ငံအားလုံးထက် ပိုမိုသာလွန်ပါတယ်။

ကောင်းမွန်တဲ့ ရာသီဥတု၊ မြေဆီဩဇာကြွယ်ဝတဲ့ မြေမျက်နှာသွင်ပြင်အခြေအနေတွေ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ရေချိုရရှိမှုကို ကောင်းစွာထောက်ပံ့ပေးနိုင်တဲ့ အဓိကမြစ်ကြီးများရဲ့ တည်ရှိပုံ၊ လုံလောက်တဲ့ ပင်လယ်ရေပိုင်နက်အကျယ်အဝန်း၊ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်မှု၊ သဘာဝစွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝမှု၊ ဒ့ါအပြင် စစ်ရေး၊ စီးပွားရေး၊ မဟာဗျူဟာကျတဲ့ ပထဝီအနေအထားတွေကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ လူဦးရေသိပ်သည်းဆများလွန်းတဲ့ နိုင်ငံကြီးတွေရဲ့ အလယ်မှာ ကျွန်တော်တို့နိုင်ငံဟာ တည်ရှိနေတာဖြစ်တဲ့အတွက် စီးပွားရေးအရ အလွန်ကြီးမားတဲ့ ဈေးကွက်ကြီးကို ပိုင်ဆိုင်ထားတယ်လို့ ဆိုချင်ပါတယ်။

ဒါကြောင့် တွင်းထွက်သယံဇာတတွေအပေါ်မှာ မှီခိုစရာတောင်မလိုအပ်ဘဲ ကျွန်တော်တို့ နိုင်ငံသားတွေအားလုံး ချမ်းသာကြွယ်ဝအောင် လုပ်လို့ရတယ်လို့ အခိုင်အမာဆိုချင်ပါတယ်။

နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှုကို နိုင်ငံသားအားလုံး တန်းတူရည်တူ ခံစားနိုင်ဖို့ ပထမဦးဆုံး အဓိကလိုအပ်ချက်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး အဲဒီကမှတစ်ဆင့် နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြော်မြင်ကြီးကြီးနှင့် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘာသာရေးအစရှိသည့် မူဝါဒများချမှတ်ပြီးတော့ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးရဲ့ နောင်လာနောက်သားမျိုးဆက်တွေကို ငြိမ်းချမ်းသာယာဝပြောတဲ့ ခေတ်သစ်နိုင်ငံတော်ကြီးကို အကောင်ဆုံးအမွေအဖြစ် လက်ဆင့်ကမ်းပေးနိုင်ကြဖို့ ဒီကနေ့ကစပြီး ကျွန်တော်တို့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"နှင့်အတူ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြဖို့ လေးလေးစားစား ဆန္ဒပြုအပ်ပါတယ်။

ဒါကြောင့် ပြည်သူကို အလုပ်အကျွေးပြုမယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့အတူ ပေါက်ဖွားလာတဲ့ ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" PPMFW ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ထောက်ခံအားပေးကြပါလို့ လေးလေးစားစား မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပါတီအနေဖြင့် ရွေးကောက်ပွဲအလွန်ကာလများ၌ ပြည်ထောင်စုတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိစေဖို့နှင့် နိုင်ငံ့စီးပွားရေး ချက်ချင်းဦးမော့လာပြီး ပြည်သူတစ်ရပ်လုံး စားဝတ်နေရေး ပြည့်စုံဖူလုံအောင် စွမ်းစွမ်းတမံ အားကြိုးမာန်တက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးအား ကတိကဝတ်ပြု တင်ပြအပ်ပါတယ်ခင်ဗျား -

ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေး ဆောင်ပုဒ်ကတော့

**"လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့**
**မတရားမှုတွေ ကာကွယ်ဖို့**
**နစ်နာမှုတွေ ကူညီဖို့**
**ပြည်သူ့အနာဂတ်တွေ သာယာပြည့်စုံဖို့**
**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို ထောက်ခံစို့"**

ပဲ ဖြစ်ပါတယ်။ မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး အနာဂတ်ဘဝများ ငြိမ်းချမ်းပြည့်စုံပါစေကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီမှ ဆန္ဒပြုအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ

## နတ်တလင်းမြို့နယ်၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး



**နတ်တလင်း နိုဝင်ဘာ ၁၄**
နတ်တလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းအား ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ဝန်ထမ်းများက တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာအီလက်ထရောနစ် စနစ်မဲပေးစက်အား ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြ ဆောင်ရွက် ခဲ့ကြသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

## ခိုလမ်မြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြော



**ခိုလမ် နိုဝင်ဘာ ၁၄**
ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းရှိ မြတ်ရတနာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခိုလမ်) ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်က (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ဆရာမ ဒေါ်အေး မိစံက အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆို အဓိဋ္ဌာန်ပြုကြသော ကျောင်းသား ၁၁ ဦးတို့၏ အမည်နှင့် ပညာအရည်အချင်းများ၊ ဗြိတိသျှတို့ ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောသည်။ **ကျော်ဇင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



**ပန်းတောင်း နိုဝင်ဘာ ၁၄**
ပန်းတောင်းမြို့နယ်၌ နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိ ဒေါ်အိသဇင်ကျော်က ထိန်းချုပ်စက် ကိုင်တွယ်အသုံးပြုပုံ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ မဲပေးခြင်း ရည်ရွယ်ချက်များနှင့် ဆန္ဒပြုခန်းအတွင်း မဲပေးပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လပြည့်လင်း (ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အသိပညာပေးဟောပြော

**မိုင်းဖြတ် နိုဝင်ဘာ ၁၄**
မိုင်းဖြတ်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က မြန်မာ့သမိုင်းတွင် သမိုင်းဝင်နေ့ထူးနေ့မြတ်များ အကြောင်း သိကောင်းစရာများ၊ ၁၉၂၀ ပြည့်နှစ်မှစ၍ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်း သိကောင်းစရာများ၊ ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခမဲ့ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစောင်များ ဖြန့်ဝေပေးခဲ့ပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းတောင်းမြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကွင်းဆင်းဆောင်ရွက်

**ကျိုင်းတောင်း နိုဝင်ဘာ ၁၄**
ကျိုင်းတောင်းမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း (ကွန်မုံ)၌ နိုဝင်ဘာ ၁၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောကို ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အခြေခံပညာမူလတန်းလွန်ကျောင်း(ကွန်မုံ)ရှိ ကျောင်းသား ကျောင်းသူများအား အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းအရာများနှင့် ဗဟုသုတရရှိစေသော အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် နံရံကပ်ဓာတ်ပုံတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အသက်(၈၅) နှစ်အထက် အဘိုး/အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**နတ်မောက် နိုဝင်ဘာ ၁၄**
နတ်မောက်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အသက်(၈၅)နှစ်အထက် အဘိုး/အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် စမ်းသပ်စစ်ဆေးကုသမှုများ ပြုလုပ်ပေးသည်။

ထိုသို့စစ်ဆေးကုသမှုများ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁)နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဆိုင်ရာ စစ်ဆေးပေးခြင်းနှင့် အခြေခံရောဂါရှာဖွေစမ်းသပ်ခြင်းစသည့် ရောဂါလက္ခဏာများကို စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**



## ပေါက်ခေါင်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ပေါက်ခေါင်း နိုဝင်ဘာ ၁၄**
ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့က အုတ်ပုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မင်းမောင်က လူငယ်နှင့်စာဖတ်ခြင်းအကြောင်းကို လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်းတို့ကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။

ထို့နောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင် ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **ဖုန်းကျော်ဇင် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အမျိုးသားနေ့တို့မမေ့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများပေးအပ်ပြီး တက်ရာက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနား မကွေးတိုင်းဒေသကြီး၌ ကျင်းပ

**မကွေး နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အ.ထ.က(ခွဲ) ဆားစည်ကျောင်းမှ ကျောင်းသား ကျောင်းသူများက အခမ်းအနားကို "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။(ယာပုံ)

ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းမကြီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ရာ ကျေးလက်လမ်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားသည်။(ဝဲပုံ)

ထို့နောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် အခမ်းအနားတွင် ဖျော်ဖြေပေးကြသည့် အမှတ်(၃)နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ဆုနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရှိသူများကို လည်းကောင်း၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

❂ *ကျောဖုံးမှ*

တိုက်စစ်ကစားသမား အမ်ဘာပေ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် အမ်ဘာပေသည် ယခုပွဲစဉ်ရရှိခဲ့သော သွင်းဂိုးနှစ်ဂိုးကြောင့် ပြင်သစ်အသင်း၏ ဂိုးအများဆုံးသွင်းယူသူ ဂျရူး၏ ၅၇ ဂိုးစံချိန်ကို လိုက်မီရန် လက်တစ်ကမ်းအလိုရောက်ရှိလာပြီ ဖြစ်သည်။

ပြိုင်ဘက် ယူကရိန်းအသင်းသည် ပြင်သစ်အသင်း၏ ဖိအားပေး ထိန်းချုပ်ကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ယူကရိန်းအသင်းသည် ပွဲချိန်တစ်လျှောက်တွင်လည်း ယူကရိန်းအသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်အထိ ခြေစွမ်းကျဆင်းခဲ့သည်။

ပြင်သစ်အသင်းသည် ယခုနိုင်ပွဲကြောင့် ငါးပွဲကစား လေးပွဲနိုင် တစ်ပွဲသရေ ရလဒ်ရရှိထားသည်။ ပြိုင်ဘက် ယူကရိန်းအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

အခြားပွဲစဉ် ရလဒ်များတွင် အိုင်ယာလန်က ပေါ်တူဂီကို နှစ်ဂိုး-ဂိုးမရှိ၊ အယ်ဘေးနီးယားက အန်ဒိုရာကို တစ်ဂိုး-ဂိုးမရှိ၊ အီတလီက မော်လ်ဒိုဗာကို နှစ်ဂိုး-ဂိုးမရှိ၊ အင်္ဂလန်က ဆားဘီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီး၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည် ။

ဆက်လက်၍ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိကြသော အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိကြသော အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအား ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်တရားသူကြီးချုပ်တို့က လည်းကောင်း၊ တတိယဆုရရှိကြသော အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးများက လည်းကောင်း ဆုများချီးမြှင့်ကြသည်။ ယင်းနောက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အခမ်းအနား တက်ရောက်လာကြသူများအား ဖြန့်ဝေပေးသည်။

ထို့ပြင် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် သင်တန်းကြီးကြပ်များ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်သည့် သင်တန်းကြီးကြပ်သူ၊ နည်းပြများနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကာ သင်တန်းသား သင်တန်းသူများ စိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ကျောင်းဝင်းအတွင်း ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အုတ်ညှပ်တစ်ထပ်စာသင်ဆောင်နှင့် သိပ္ပံလက်တွေ့စမ်းသပ်ဆောင်များ ဥပမိရုပ်ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယခုသင်တန်းကိုဆရာ ဆရာမ ၉၅၅ ဦးတို့အား နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တာ ဖွင့်လှစ်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ယင်းမာပင်မြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

ယင်းမာပင် နိုဝင်ဘာ ၁၄

**ယင်းမာပင်မြို့၌ ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမော်က ဖတ်ကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ Myanmar Blue Sky Rescue Development Council မှ ကယ်ဆယ်ရေးအတွေ့အကြုံ ဆွေးနွေးဖလှယ်ပွဲဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Myanmar Blue Sky Rescue Development Council မှ ကယ်ဆယ်ရေး အတွေ့အကြုံဖလှယ်ပွဲ ကျင်းပရန် ပညာရှင်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာခဲ့ရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့တို့က ကြိုဆိုခဲ့သည်။




Blue Sky Rescue အဖွဲ့၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးအတွေ့အကြုံဆွေးနွေးဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦး၊ ရွှေတိဂုံစေတီတော် အလှည့်ကျသဘာပတိ ဦးမျိုးအောင်ဌေးနှင့် အဖွဲ့ခေါင်းဆောင် Mr. Luo Wei နှင့် ကပ္ပတိန် Mr. Peng Xin Yuan တို့က အမှာစကားပြောကြားသည်။

အတွေ့အကြုံ ဆွေးနွေးဖလှယ်ပွဲကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် တစ်ရက်လျှင် သင်တန်းသား ၆၀ ကို ပို့ချခဲ့ပြီး နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မန္တလေးမြို့ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်းရှိ မြန်မာ-တရုတ် ချစ်ကြည်ရေး(ဗဟို) အသင်းခွဲ(မန္တလေး)တွင် သင်တန်းသား ၆၀ ကို ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးထွန်း လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာရှိ လျှောင်ဒဏ်သင့် သမိုင်းဝင်လောကထိပ်ပန်စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်းသည့် မူဝါဒများအား တင်ပြလျှောက်ထားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၂၀၀ ကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက်ရှိ လျှောင်ဒဏ်သင့် ရွှေစေလူးစေတီတော်၊ ကျောက်ဆည်မြို့ ရွှေသာလျောင်း တောင်ပေါ်ရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော လျှောင်ဒဏ်သင့် ရွှေသာလျောင်းစေတီတော်၊ အမရပူရမြို့နယ်ရှိ စစ်ကိုင်းမင်း တည်ထားကိုးကွယ်တော်မူခဲ့သော မဟာဝိဇယရံသီပုထိုးတော်ကြီးမြတ်စွာဘုရား၊ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားများအား ဖူးမြော်ကြည်ညို၍ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူတော်ငွေများကို စေတီတော်ဂေါပကအဖွဲ့များထံ ပေးအပ်လှူဒါန်း၍ ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ မဟာပုရိသကျောက်ဂူတောရရိပ်သာကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလ အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ရှိ ရဟန်းသာမဏေများအား နေ့ဆွမ်းလောင်းလှူသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နောင်ချိုမြို့ရှိ သဖန်းကိုင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာလင်္ကာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဖန်းကိုင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည့် အမျိုးသားနေ့စာစီစာကုံးပြိုင်ပွဲ၌ ဖြေဆိုနေကြသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးကာ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ၃ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး တောင်ကြီးမြို့ ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူ သဖန်းကိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မောင်တိုးပွားအောင်အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သဖန်းကိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဘိုကလေး နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွင်း မိုးစပါး ၃၆၀၂၀၇ ဧက စိုက်ပျိုးထားရှိရာ ယနေ့နံနက် ၈ နာရီတွင် သာပေါင်းကျေးရွာအုပ်စု တောင်သူဦးစံသောင်း၏ ကွင်းအမှတ်(၆၇၀)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ ၇ ဒသမ ၅၇ ဧကရှိ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။



အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးညွန့်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ညီညီထွဋ်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ကြပြီး ရက် ၉၀ စပါးမျိုးကွဲကို ကောင်း၊ သင့်၊ ညှိ ကိုယ်စားပြုစံကွက် သုံးမျိုးရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း အစို ၁၁၇ ဒသမ ၃၁ တင်း၊ အခြောက် ၁၀၇ ဒသမ ၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၄ ရက်က ဆင်ပေါင်ဝဲမြို့ အမှတ် (၃)ရပ်ကွက်ရှိ ဆီကြိတ်ဆုံလုပ်ငန်းအား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်မြတ်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)






မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နိုဝင်ဘာ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန် ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးနှင့် မီးသတိမူရေး အသိပညာပေးနှိုးဆော်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူတရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက် နံနက် ၃ နာရီ ၅ မိနစ်အချိန်တွင် သဃ်န်းကျွန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်း ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် လေးထောင့်ကန်လမ်းနှင့် ဦးဘဟန်လမ်းထောင့်ရှိ ပန်းခြံတွင် စိုက်ထူထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဆိုင်းဘုတ်တစ်ခု၊ ဗိုလ်ကံညွန့်ရပ်ကွက်ရှိ လေးထောင့်ကန်လမ်းနှင့် ဗမ္ဘူဒိပ်လမ်းထောင့်တွင် စိုက်ထူထားသည့် ပြည်သူ့ပါတီ ဆိုင်းဘုတ်တစ်ခု၊ သုမင်္ဂလာရပ်ကွက်ရှိ လေးထောင့်ကန်လမ်းနှင့် သုမင်္ဂလာလမ်းထောင့် (ဇဝနလမ်းဆုံ)တွင် စိုက်ထူထားသည့် ပြည်သူ့ပါတီ ဆိုင်းဘုတ်တစ်ခုနှင့် ပြည်သူ့ရှေ့ဆောင်ပါတီဆိုင်းဘုတ်တစ်ခုတို့ကို ဖြိုလှဲဖျက်ဆီးနေကြောင်း သတင်းအရ ပါတီဆိုင်းဘုတ်များ ဖျက်ဆီးခဲ့သည့် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက်နေ ရွှေလင်းဦး (၂၀)နှစ်နှင့် ဗိုလ်ကံညွန့်ရပ်ကွက်နေ ခိုင်မင်းကို(၂၀)နှစ်တို့ နှစ်ဦးအား ယင်းနေ့ နံနက် ၃ နာရီ ၁၀ မိနစ်အချိန်တွင် အခင်းဖြစ်နေရာအနီး ဦးစံဖေရပ်ကွက် ဘုရင့်နောင်လမ်း၌လည်းကောင်း၊ ရန်အောင်ရပ်ကွက်နေသူများဖြစ်ကြသည့် စွမ်းထက်အောင်(၁၉)နှစ်အား နံနက် ၄ နာရီ ၅ မိနစ်အချိန်တွင် ရန်အောင်ရပ်ကွက် ရန်အောင်လမ်းရှိ ၎င်း၏ အဒေါ်ဖြစ်သူ နေအိမ်မှလည်းကောင်း၊ ချစ်လင်းကို(၂၈)နှစ်အား နံနက် ၅ နာရီအချိန်တွင် ဗိုလ်ကံညွန့်ရပ်ကွက် ဗမ္ဘူကျက်သရေဆောင်လမ်းရှိ ၎င်း၏အသိဖြစ်သူ နေအိမ်မှလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုနိုင်စေရန် စိုက်ထူထားသော ပါတီကိုယ်စားလှယ်လောင်းများ၏ ပါတီဆိုင်းဘုတ်များအား ဖျက်ဆီးပြီး ခြိမ်းခြောက် ဟန့်တားခြင်းများ ပြုလုပ်ခဲ့သူ ချစ်လင်းကိုပါ လေးဦးအား သဃ်န်းကျွန်းမြို့မရဲစခန်း (ပ)၂၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် အမှုဖွင့်ပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ မဲပေးစက်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၄**

ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ရွေးကောက်ပွဲတွင်အသုံးပြုမည့် MEVM မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်း ကျင်းပသည်။



ဦးစွာ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့ခိုင်၊ အဖွဲ့ဝင် ဦးမြင့်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ မဲပေးစက်တွင်ပါဝင်သည့် ဆန္ဒပြုစက်၊ ထိန်းချုပ်စက်၊ မဲပေးမှုကို ဖော်ပြသည့် စက်များအကြောင်းနှင့် ခရိုင်နည်းပညာအထောက်အကူပြုအဖွဲ့ဝင် ဒေါ်ဥမ္မာက ဆန္ဒမဲပေးရာတွင် ဆန္ဒပြုဖြတ်ပိုင်းနှင့် မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**

## စမ်းချောင်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ကျွန်းတောဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာရှင်းလင်းပွဲတွင် စမ်းချောင်းမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စုလှဖြူ၊ ဦးစီးအရာရှိ ဦးစောသန့်ဇင်ထူးနှင့် ဒုတိယဦးစီးမှူး ဦးဇော်ဇော်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းပြည်သူ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ဖြူသွယ်ထွန်း**

## တီးတိန်မြို့၌ ယူရီးယားဓာတ်မြေသြဇာထောက်ပံ့ပေးအပ်

**တီးတိန် နိုဝင်ဘာ ၁၄**

တီးတိန်မြို့၌ ဆောင်းသီးနှံ တစ်ဧက ပန်းတိုင်အထွက်နှုန်း ရရှိရေး ယူရီးယားဓာတ်မြေသြဇာ ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး(တွဲဖက်) ဦးကိုဆန်းက ယူရီးယားဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယူရီးယားဓာတ်မြေသြဇာကို တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ရာ ဖါလ်ဝုမ်းကျေးရွာအုပ်စုနှင့် ငင်းနှုန်းကျေးရွာအုပ်စုမှ ဆောင်းနေကြာနှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ စိုက်ပျိုးသောတောင်သူ ၁၄၉ ဦးအား ဓာတ်မြေသြဇာအိတ် ၂၅၀ ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းရှူးမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**မိုင်းရှူး နိုဝင်ဘာ ၁၄**

မိုင်းရှူးမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်နှင့်အဖွဲ့ဝင်များက အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ဖာယကျေးရွာ ဘုံခန်းမ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းနှင့်အဖွဲ့ဝင်များက အီလက်ထရောနစ် မဲပေးစက်အကြောင်းနှင့် မဲပေးခြင်းပုံစံကို မြန်မာဘာသာ၊ ရှမ်းဘာသာ နှစ်မျိုးဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်



မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သန်းလှူ(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကော့မှူး နိုဝင်ဘာ ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း မူလွန်(ပတုပ်)ကျောင်း၌ ကျင်းပသည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က လူငယ်နှင့်ပတ်သက်သော အကြောင်းအရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ကျင်းပရာ မူလွန်(ပတုပ်) ကျောင်းမှ ကျောင်းသားကျောင်းသူများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အသိပညာပေးနံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## လင်းခေး၌ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**လင်းခေး နိုဝင်ဘာ ၁၄**

လင်းခေးခရိုင် သစ်တောဦးစီးဌာနကကြီးမှူး၍ ယမန်နေ့က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို လင်းခေးမြို့ တောင်ရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်သစ်တော ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိဦးကျော်မျိုးနိုင်က သစ်တောထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတွင် သစ်တောသစ်ပင်များ၏ အရေးပါပုံများကိုလည်းကောင်း၊ လင်းခေးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးရဲလင်းထွေးက တောမီးနှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် သစ်တောကြေးမုံစာအုပ် ၂၀၊ ပျိုးပင်များ ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး တက်ရောက်လာသူများထံ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **စိုင်းဇော်လတ် (လင်းခေး)**



## ဟိုင်းကြီးကျွန်းမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၁၄**

ဟိုင်းကြီးကျွန်းမြို့၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ခဲပန်းချီနှင့် ရုပ်ပုံကားချပ်ပြိုင်ပွဲများကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုင်းကြီးအခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ထက်၊ လယ်၊ မူ အဆင့်အလိုက် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ခဲပန်းချီနှင့် ရုပ်ပုံကားချပ်ပြိုင်ပွဲများကျင်းပခဲ့ပြီး ထူးထူးချွန်ချွန် ဆုရရှိခဲ့ကြသူများအား ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ ထူးချွန်လက်ရာများကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာနိုင်စေရေး ခင်းကျင်းပြသပေးသွားမည်ဖြစ်သည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ဟိုပုံးမြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ နှစ်စဉ်ကျင်းပပြုလုပ်သည့်



တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၂ ရက် ည ၈ နာရီက သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဟိုပုံးမြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် မီးပဒေသာ လှည့်လည်ခြင်း၊ ဈေးရောင်းပွဲတော်၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာမီးပဒေသာ လှည့်လည်ခြင်းနှင့် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်သည်။ အဆိုပါ ပွဲတော်တွင် ညမီးကြီး မီးပုံးပျံပြိုင်ပွဲများ လွှတ်တင်ပူဇော်ပြီး ရပ်နီး/ ရပ်ဝေးဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ် လျက်ရှိကြောင်း သိရသည်။

ဟိုပုံးတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ရှင်ဗွေယန်မြို့၌ အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေး

**တနိုင်း နိုဝင်ဘာ ၁၄**

ရှင်ဗွေယန်မြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ရှင်ဗွေယန်မြို့ ရှင်ဗွေယန် အထကကျောင်းခန်းမ နာဂရိုးရာခန်းမနှင့် အမှတ် (၃) တို့၌ ကျင်းပသည်။



ထိုသို့ အသိပညာပေး ဆောင်ရွက်ရာတွင် တနိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်စိုးက မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ ကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်ရေး ရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဦးကျော်သက်ပိုင်က အီလက်ထရောနစ်စနစ်ဖြင့် အသုံးပြု၍ မဲပေးရခြင်း၏ ရည်ရွယ်ချက်၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဆက်စပ်ပစ္စည်းများ၊ မဲပေးစက်များကို ကိုင်တွယ်အသုံးပြုခြင်း၊ မဲရလဒ်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ မဲဆန္ဒရှင်ပြည်သူများက အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ မဲပေးခြင်း၊ မဲရလဒ်များ ထုတ်ယူကြည့်ရှုစစ်ဆေးခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မနောမြေ(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဘုတ်ပြင်း နိုဝင်ဘာ ၁၄**

ဘုတ်ပြင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး



ဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများသည် ပန်းခင်းစီမံချက် (၃) ဖြင့် အလယ်မန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအား ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘုတ်ပြင်းမြို့နယ်ရုံးမှ လဝကမှူး ကျော်သူရိန်လင်း ဦးဆောင်၍ ဝန်ထမ်းများက နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျား ၆၉ ဦး၊ မ ၆၈ ဦး စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ် ၁၃၇ ဦးကို ဆောင်ရွက်ပေးသည်။

**မြို့နယ်( ပြန်/ဆက်)**

## မင်းလှမြို့နယ် ရေခါးကျေးရွာအတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**အထက်မင်းလှ နိုဝင်ဘာ ၁၄**

မင်းလှမြို့နယ် ရေခါးကျေးရွာအတွင်းရှိ ပြည်သူများအား မြို့နယ်တိုင်းရင်းဆေးကုဌာနက ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၁၂ ရက်က ရေခါးကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မင်းလှမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်အေးမိစံနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်စုမာဖြိုးတို့က ဆောင်းရာသီတွင် ဖြစ်တတ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြောပြီး ရေခါးကျေးရွာနေ ပြည်သူ



ကျား ၂၇ ဦး၊ မ ၄၄ ဦး စုစုပေါင်း ၇၁ ဦးတို့ကို ဆေးကုသမှု ဆောင်ရွက်ပေးခဲ့သည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## နတ်မောက်မြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**နတ်မောက် နိုဝင်ဘာ ၁၄**

နတ်မောက်မြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းဖြစ်စဉ်များ၊ လူငယ်လူရွယ်များ တန်ဖိုးထားလက်ဆင့်ကမ်းထိန်းသိမ်းရမည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်အတွက် သိရှိလိုက်နာမှတ်သားရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောက်တလုံးကြီးမြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ကျောက်တလုံးကြီး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီး မြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံနှင့် အမျိုးသားနေ့နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြော၍ ကျောင်းသား ကျောင်းသူများက စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသိပညာပေး နံရပ်ကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများကို ဆက်လက်ကျင်းပသည်။

**ဆုများ ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း**



## ဇလွန်မြို့နယ်၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ဇလွန် နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက အမကလမ်းမတော်မှ ကျောင်းသား ကျောင်းသူများအား ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ မောင်ပြေငြိမ်း(ဇလွန်)က (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းများ၊ အမျိုးသားနေ့ ဦးတည်ချက်များ၊ အမျိုးသားခေါင်းဆောင်ကြီးများ၏ အမျိုးသားရေး ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဇလွန်မြို့နယ်ရုံးမှ ပြသထားသော အမျိုးသားအောင်ပွဲနေ့ အကြောင်း သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဇလွန် (ပြန်/ဆက်)**

အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲအချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

## သာကေတမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**သာကေတ နိုဝင်ဘာ ၁၄**

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက သာကေတမြို့နယ်အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌



ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ လူမှုရေးရာဝန်ကြီးဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘင်ခရာနှင့်ပန်းဖွားအဖွဲ့များကို စည်ပင်သာယာရေးဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး စည်ပင်သာယာရေးဝန်ကြီးက အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်ငွေနှင့် စာပေဟောပြောမည့်စာရေးဆရာ ဦးကျော်ကျော်လှိုင်အား အစိုးရဝန်ကြီးများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

သက်လွင်စိုး(ပြန်/ဆက်)

## ဘားအံမြို့၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက်

**ဘားအံ နိုဝင်ဘာ ၁၄**

မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက်ခြင်းကို ဘားအံမြို့ အမှတ် ၄ ရပ်ကွက် သီရိလမ်းရှိ ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

### လမ်းညွှန်စာအုပ်များပေးအပ်

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ကရင်ပြည်နယ်တာဝန်ခံ ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)က မိတ်ဆက်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးစိန်တိုး(ဆန်းလင်း)က လမ်းညွှန်စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထံ လမ်းညွှန်စာအုပ်များ ပေးအပ်ခဲ့သည်။



ပြည်နယ်(ပြန်/ဆက်)

## ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စားသုံးဆီ ပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေး



**ပြည် နိုဝင်ဘာ ၁၄**

စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး၌ နိုဝင်ဘာ ၁၁ ရက်က ဆီထွက်သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စားသုံးဆီ ပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ စားသုံးရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဝင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ကိုဆက်(ပြန်/ဆက်)

## မက်မန်းမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မက်မန်း နိုဝင်ဘာ ၁၄**

မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်က မက်မန်းခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်တို့က အမှာစကားများ ပြောကြားပြီး အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဆွေးနွေးဟောပြောသည်။

### ဆွေးနွေးဟောပြော

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်နှင့် စာပေဖတ်ရှုခြင်း အကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။

သိန်းသန်း(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကန်ကြီးထောင့် နိုဝင်ဘာ ၁၄**

ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် ဆီထွက်သီးနှံ မျိုးစေ့ပေးအပ်ပွဲကို နိုဝင်ဘာ ၁၁ ရက်က အညာတန်းကျေးရွာ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရည်မွန်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တောင်သူ ဦးမြင့်သန်း၏ လယ်ဧရိယာ ၃ ဒသမ ၀၀ ကေတွင် စိုက်ပျိုးထားရှိသော မိုးစပါး နယူးရော-၁၁ စံပြကွက် ရိတ်သိမ်းရာ အစိုအထွက် တစ်ကေလျှင် ၁၄၁ ဒသမ ၉၅ တင်း ထွက်ရှိခဲ့ပြီး အခြောက်အထွက် တစ်ကေလျှင် ၁၃၇ ဒသမ ၆၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



ရွှေတောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တဘူစားကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာအုပ်စု၊ ဆိတ်ကြီးကျေးရွာအုပ်စုနှင့် ယင်းမူကုန်းကျေးရွာအုပ်စုများသို့ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုကိုမင်း(ပြန်/ဆက်)



မော်လမြိုင်မြို့နယ် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီက မော်လမြိုင်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ခုနစ်ဆိုင်သို့ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် ကိုက်ညီမှန်ကန်မှု ရှိ မရှိ၊ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ မရှိ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးကြိုတင်ဆောင်ရွက်ထားခြင်း ရှိ မရှိတို့ကို နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



တောင်ငူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၁၃ ရက်က အမှတ်(၁၆) ရပ်ကွက် မြို့မဈေးကြီးရှိ ဈေးရောင်းဈေးဝယ် ပြည်သူများအား အသိပညာပေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်နှင့် အဖွဲ့ဝင်များ မိတ်ဖက်ဌာန/အဖွဲ့အစည်းများ၊ အခွန်ထမ်းပြည်သူများဖြင့် အခွန်ဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

# ဗဟန်းမြို့နယ်၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ



**ဗဟန်း နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် အထက(၁) ဗဟန်းကျောင်း၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံဝင်းက ဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ၌ ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး အထက (၁) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV – HD Channel မှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၁) မူလတန်းကြိုကျောင်း (ဗဟန်း) နှင့် တောင်ဥက္ကလာပ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း နိုဝင်ဘာ ၁၆ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV – HD Channel တွင် နိုဝင်ဘာ ၁၇ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃)၌ ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ နိုဝင်ဘာ ၁၄ ရက်က မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ဘုန်းမြတ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/41229, SUZUKI Smash–112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင် ၈/အလန(နိုင်)၀၇၈၅၄၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/93801 ယာဉ်လက်ဝယ်ရှိသူ ဦးစွမ်းရည် ၇/တငန(နိုင်)၁၆၄၉၃၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/51139 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၇/ရတရ(နိုင်)၀၇၇၂၆၇က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/59430, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မြင့်ဇော် ၈/သရန(နိုင်)၀၆၆၆၀၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့

## "အများသိစေရန် အသိပေးအကြောင်းကြားခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းအုပ်စု၊ မြောင်းခြားရပ်နယ်မြေ(၆)၊ အိမ်အမှတ် ဆက–၃၈၄ ပေ(၅၀X၇၀)အကျယ်သွပ်မိုးထရံကာ (၂)ထပ်အိမ်ဝိုင်းအား အောက်တိုဘာလ(၂)ရက်၊ ၂၀၂၃ရက်စွဲဖြင့် သတင်းစာမှ ကြေညာချက်ကို ကျွန်တော် ဦးသန်းထွန်း ၉/ကဆန(နိုင်)၀၉၆၃၃၀မှ ပြန်လည်ရုပ်သိမ်းပြီး သမီးဖြစ်သူ ဒေါ်စိုးစိုးနွယ်(ခ)မဖြူ ၉/ကဆန(နိုင်)၀၉၆၃၃၄ အား (၈–၈–၂၀၂၅)ရက်တွင် တစ်ဦးတည်းအပိုင် ပြန်လည်ပေး အပ်လိုက်သည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသိန်းတိုးအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၅၇၄၄)**

**အိမ်အမှတ်–ဘ/၀ ၃၄ ၊ ကျောက်ဆည်မြို့ ၊ ဖုန်း–၀၉–၇၉၁၁၅၈၁၁၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက် ၊ ဦးလွန်းမောင် (၄)လမ်း၊ မြေကွက်အမှတ်(၁၄/၅၄)၊ ( အလျား ၃၂ .၅/ ၂၈X အနံ ၇၂. ၅)ပေ အကျယ်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ယုယုနွယ် (၁၂/မရက(နိုင်)၁၀၅၁၀၈)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အုန်းမြင့် (၁၂/ဗဟန(နိုင်)၀၆၈၇၈၅)ကလည်းအပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သက်သက်မွန်**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅)**

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**

**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက–၉၊ Grade–9 မှ မောင်ညီလေးထက်နှင့် Grade– 12မှ မပိုးအိဖြူတို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဖြူဝင်း ၃/ဘအန(နိုင်)၂၀၂၀၃၆ ဖြစ်ပါကြောင်း။ **ဦးဖြူဝင်း**

## ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်အမှတ်(၅)ရပ်ကွက်၊ မြေတိုင်း(၁၅–အေ)၊ မြေကွက်အမှတ်(၁၁)၊ မြေဧရိယာ(၀.၀၆၂)ဧကရှိ မြေနေရာအား ဒေါ်မေမြင့်အမည်ဖြင့် မြေပေးမိန့်ထုတ်ယူပြီးမြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မေမြင့်**

**ဥသျှောင်မြို့သစ်၊(၅)ရပ်ကွက်၊ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ ထူပါရုံ(၂၁)လမ်း အနောက်၊ မြေကွက်အမှတ်(၃၄၈/ခ) မြေကွက်ပေါ်တွင်ဆောက်လုပ်ထား သော(၅)ထပ်တိုက်အဆောက်အအုံမှ တတိယထပ်၊ (၄ လွှာ)၊ (အလျား၁၈ပေX အနံ၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်များအား ရောင်းချသူ ဦးကျော်မြင့် (၁၂/ဒလန(နိုင်)၀၂၃၇၉၆)မှတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာထွန်း(၈/သရန(နိုင်)၀၄၇၁၈၀) မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ (၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးရဲမင်းထွဋ် LL.B , Diploma in Business Law**

**(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**

**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၁)လမ်း၊ မြေကွက်ကြီးအမှတ်–၁/န၊ အိမ်ရာကွက်ငယ်၊ အမှတ်–၇၆၄၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသန်းမြင့်၏သမီးဖြစ်သူ ဒေါ်နန်းဇာလီမြင့် (၁၂/တမန(နိုင်)၀၉၉၆၀၈)(ယင်းမြေကွက်သည် လှည်းကူးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဂရန်အမှုတွဲအမှတ်–၉/၂၀၂၄ V၊ (၁၂–၆–၂၀၂၅))အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရောင်းချပိုင်ခွင့်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းဇာလီမြင့် (၁၂/တမန(နိုင်)၀၉၉၆၀၈) (ဘ)ဦးသန်းမြင့်ထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်မျိုးသန္တာသိမ့်(၁၂/ဗဟန(နိုင်) ၀၁၆၀၅၂)(ဘ)ဦးမျိုးတင့်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယုယုလွင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၄၅)**

**မေဃဝတီ(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**

**ဖုန်း–၀၉–၇၉၇၆၅၄၂၅၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅H၊ မြေကွက်အမှတ်– ၇၁၆၊ မြေအကျယ် အဝန်း အလျား(၂၀)ပေXအနံ(၄၀)ပေရှိ အမှတ်–၁၉၊ မဟူရာလမ်း၊ ကျိုက္ကဆံရပ်ကွက်ဟုခေါ်တွင်သော မြေအမည်ပေါက် ဒေါ်ခင်သန်းစိုး (ဘ)ဦးသာအေး (၁၂/ဗဟန(နိုင်)၀၆၅၄၂၀) နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ ခင်ပွန်းဖြစ်သူ ဦးစံညိမ်း(၁၂/ဗဟန(နိုင်)၀၆၅၂၀၅)က ကျွန်ုပ်မိတ်ဆွေများအား ရောင်းချရာတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် မှတ်ပုံတင်အရောင်းစာချုပ်ပေးရန် ဝန်ခံကတိပြုချက်အရ ကျွန်ုပ်မိတ်ဆွေက (၂၂–၇–၂၀၁၉ )ရက်တွင် နှစ်ဦးသဘောတူမြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး ငွေအပြေအကြေပေးချေဝယ်ယူပြီးဖြစ်သော်လည်း ယနေ့အချိန်အထိ မှတ်ပုံတင်အရောင်းစာချုပ်ကို လာရောက်ချုပ်ဆိုပေးခြင်းမရှိသည့်အတွက် ယခုသတင်းစာကြေညာပြီး (၇)ရက်အတွင်း အကြောင်းပြန်ကြားပေးစေလိုပါကြောင်းနှင့်စာချုပ်လာရောက်ချုပ်ဆိုပေးခြင်းမရှိလျှင် ကျွန်ုပ်မိတ်ဆွေက စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုတော့မည်ဖြစ်ကြောင်းဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်– ၁၉နေ ဒေါ်ငွေဇင်ထွန်း(၆/ပလန(နိုင်)၀၅၇၉၄၆)–ဦးမြင့်စိုး (၁၂/ဗဟန(နိုင်)၀၇၈၆၅၃)တို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်သီတာလွင် ( LLB, D.I.L ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၀၆/၂၀၁၆)**

**အမှတ်–၉၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**

**ဖုန်း–၀၉– ၄၂၅၀၁၈၆၈၄**



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဲဆန္ဒရှင်များ မဲပေးရာတွင် အီလက်ထရောနစ်မဲပေးစက် (MEVM) များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြု၍ မဲပေးနိုင်ရေးအတွက် ပဲခူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သည့် ကွင်းဆင်းအဖွဲ့များ၊ ပဲခူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံး၊ တပ်ရင်း၊ တပ်ဖွဲ့၊ တပ်နယ်များ၊ ပဲခူးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့သွားရောက်၍ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်း ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဈေး(၂)လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(က/၂၂/၁)ဟုခေါ်တွင်သော ဦးခင်မြင့် အမည်ပေါက် လ/န–၃၉ ရရှိထားသော ဧရိယာ(၀. ၀၅၅)ဧကအကျယ်ရှိ မြေကွက်နှင့် တိုက်ခံအိမ် (၁)လုံး၊ ရေ၊ မီး၊ (မီတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးအန်ဂဲဆာမိ (၁၂/သလန(နိုင်)၀၀၄၀၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိသဥ္စာကျော် (၁၂/သခန(နိုင်)၁၂၃၃၂၄)က ပြန်လည်ဝယ်ယူရန် ၎င်းကိုစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက မြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ကာ မြေကွက်ကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်–၂၄၉၆၈)**

**အထက်တန်းရှေ့နေ**

**အမှတ်(F–၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**

**ဖုန်း–၀၉–၂၅၀၀၁၂၈၀၁**

## အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သောစက်သုံးဆီနှင့် လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်လိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၇-၁၁-၂၀၂၅)ရက်၊ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - (၁-၁၂-၂၀၂၅)ရက်၊ (တနင်္လာနေ့) ညနေ (၄:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** - ဆက်သွယ်အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရေးကော်မတီ**

**ဖုန်း ၀၉-၂၅၀၉၀၂၀၀၄**

## မွေးသက္ကရာဇ်အမှန်

ဖဒိုမြို့ (၅)ရပ်ကွက်နေ ဦးဟာရေရမ်း-ဒေါ်ဘာဂျနီတို့၏သမီး မပူဂျား၏ မွေးသက္ကရာဇ် အမှန်မှာ (၂၀-၅-၂၀၀၆) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ အထက (မိုဝိုင်လွတ်)မှ မောင်နိုင်ထက်ဦး (G-12)၏ ဖခင်မှာ ဦးသိန်းကို(ခ)ဦးသိန်းကိုကို ၅/ဟမလ(နိုင်)၀၆၀၅၇၄ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအေးဟန်၏သား မောင်သီဟမင်းဟန် ၁၂/ဥကမ(နိုင်)၂၃၀၁၉၇၏ CDC-No-101208 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၅၀၉၃၇၂၂**

## ပျောက်ဆုံးကြောင်း

